
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
တတိယမျက်လုံး

အောင်မြတ်သာနဲ့ ဆရာတပည့်တွေ ဒုဋ္ဌဝတီ မြစ်ထဲကနေ ဆင်းတုတော်ကို ရှာပြီးတဲ့ နောက်မှာ ကိုတောက်ရဲ့ တတိယ မျက်လုံးကို ဖွင့်ပေးဖို့ ပုပ္ပားတောင်ဆီကို ခရီးဆက် ထွက်ခဲ့ကြတယ်။

ပုပ္ပားတောင်လို့ ဆိုလိုက်ရင် မင်းမဟာဂီရိ နတ်မောင်နှမ၊ ပန်းဆက်သမား ဗျတ္တ၊ ပန်းစားဘီလူးမ မယ်ဝဏ္ဏနဲ့ သားနှစ်ပါးဖြစ်တဲ့ မင်းကြီး၊ မင်းလေးတို့ ကို အရင်ဆုံး သတိရကြမှာ ဖြစ်ပါတယ်။

ပုပ္ပားတောင်မှာ စံပျော်နေတဲ့ မင်းမဟာဂီရိ နတ်မောင်နှမကတော့ မြန်မာနိုင်ငံအတွင်း ကိုးကွယ်နေတဲ့ နတ်တွေထဲမှာ ရှေးအကျဆုံး နတ်လို့ လည်း ပြောလို့ ရတယ်။

ပုပ္ပားတောင် အကြောင်းကိုလည်း စာဖတ်သူများ သိရှိစေရန် ဖော်ပြပေးလိုက်ပါသည် ။

ဘူမိဗေဒ ပညာရှင်တွေရဲ့ အဆိုအရ ပုပ္ပားတောင်ဟာ လွန်ခဲ့သောနှစ်ပေါင်း ၁၅သန်း ကတည်း ပေါ်ထွန်းလာကြောင်း သိရသည် ။

ပုပ္ပားတောင်သည် ကျောက်ခေတ်ဦး အညာသား ယဉ်ကျေးမှု (Anyathian Culture) ထွန်းကားခဲ့ရာ ချောက်၊ ရေနံချောင်းတို့ နှင့် ရေမြေ တစ်ဆက်တစ်စပ်တည်း ရှိသောကြောင့် ထိုအချိန်ကာလက တည်းကပင် ကျောက်ခေတ် လူသားတို့ နေထိုင်ရာအရပ် ဖြစ်နေခဲ့သည် ဟု ယုံကြည်ကြသည် ။ ပုပ္ပားတောင်သည် ဘီစီ ၄၄၂ ခုနှစ်တွင် ပေါက်ကွဲခဲ့သော မီးတောင်သေ ဖြစ်သည် ။

ပုပ္ပားတောင်ဟု ဆိုလျှင် ကိုးကွယ် ယုံကြည်မှုဆိုင်ရာ ဘုရားပုထိုးများ ၊ အဆောက်အဦများ ရှိသည့် ပုပ္ပား တောင်ကလပ်ကိုသာ အလွယ် မှတ်ယူလေ့ ရှိသည် ။ ပုပ္ပားဟူသော စကားလုံးသည် ပါဠိ ဘာသာစကား ပုပ္ဖမှ ဆင်းသက်လာခဲ့ပြီး ပန်းဟု အဓိပ္ပာယ်ရသည် ။

ပုပ္ပားတောင်ကလပ်ကို

၁။တောင်ကလပ်

၂။နဂါးရစ်တောင်

၃။ပန်းပေးတောင်

၄။ဘဇဂါမ်တောင်

၅။ဝဏ္ဏာ ယက္ခတောင်

၆။ဝိဇ္ဇာဓရတောင်ဟူ၍

အမည်ခြောက်မျိုးဖြင့် ခေါ်ဝေါ်ကြသည် ။ နံပါတ်လေး အမည်သည် ရှေးအကျဆုံး အမည်ဖြစ်သည် ။

အနော်ရထာ၏ သူရဲကောင်း လေးဦးအနက် ထွန်အရှည်း သုံးဆယ်ဖြင့် ထွန်ရေးမှန်အောင် ငင်နိုင်သူ လူစွမ်းကောင်း ငလုံးလက်ဖယ်မှာ ပုပ္ပားသား ဖြစ်သည် ။

အချို့မှတ်တမ်းများ တွင် ပုပ္ပားတောင်သည် ချင်းလူမျိုးများ နှင့် ဆက်စပ်နေသည် ဟု ဆိုသည် ။

ချင်း ဘာသာစကားနဲ့ ပုပ္ပားသည် ပူပါးမှ ပြောင်းလဲ လာပြီး ပူ=အဘိုး ၊ ပါး= အဖေ ဆိုသောကြောင့် ဘိုးဘေးတောင်ဟု အဓိပ္ပာယ်ရသည် ။ ပုပ္ပားတောင် တစ်ဝိုက်တွင် ချင်းလူမျိုးများ နေထိုင်သည့် ရွာကြီး

ဇရွာ ရှိခဲ့သည် ဟု ဆိုသည် ။

ရှေးဟောင်း မြန်မာ ရာဇဝင်ကျမ်းများ အဆိုအမိန့်အရ ပုပ္ပားနှင့် ပတ်သက်၍ ပုဂံခေတ်တွင် ထင်ရှားသော အချက်သုံးရပ် ရှိပေသည် ။ ယင်းတို့ မှာ

(၁) ပျူမင်းထီး လက်ထက်မှ စ၍ ပုဂံမင်းများ နှစ်စဉ် ပုပ္ပားတောင်တက်ပွဲ ကျင်းပခဲ့ခြင်း၊

(၂) နတ်တောင်ဟု အတိအလင်း ဖော်ပြလာခြင်းနှင့်

(၃) နိုင်ငံရေးအရ ကျောထောက်နောက်ခံ နယ်အဖြစ် အရေးပါလာခြင်းတို့ ဖြစ်ပါသည် ။

ပျူမင်းထီးနောက် လေးဆက်မြောက် ဖြစ်သော သေလဉ်ကြောင်မင်း (အေဒီ ၉၀၄) လက်ထက် ရောက်သောအခါ ပုပ္ပား၏ သမိုင်းကြောင်း ပြောင်းလဲစပြုပြီဟု ဆိုနိုင်ပါသည် ။ အကြောင်းမှာ သေလဉ်ကြောင်မင်းသည် တကောင်းမှ မျောလာခဲ့သော မောင်တင့်တယ် နတ်မောင်နှမတို့ နေသည့် စကားပင်ကြီးကို နတ်ရုပ်များ ထု၍ ပုပ္ပားတွင် တင်ထားလျက် ပြည်သူတို့ အား ကိုးကွယ် စေခဲ့သောကြောင့် ဖြစ်သည် ။ ယင်းတို့ အားလည်း မဟာဂီရိ နတ်မောင်နှမဟု တွင် စေခဲ့သည် ။ မဟာဂီရိ ဟူသည် မှာ ကြီးမြတ်သော တောင်တော်ဟု အဓိပ္ပာယ် ရသည် ။ သို့ဖြင့် ပုပ္ပားသည် ပြည်သူတစ်ရပ်လုံး ကိုးကွယ်သော မင်းမဟာဂီရိတို့ နတ်မောင်နှမ စံပျော်ရာ တောင်တော် ဖြစ်လာခဲ့လေ တော့သည် ။

ညောင်ရမ်းခေတ်တောင် ကသည်းစော်ဘွား တစ်ဦးသည် ၁၅-နှစ်မျှသာ ရှိသေးသော ကသည်း မင်းသမီး နှင်းလုံခံကို စနေမင်း(၁၆၉၈-၁၇၁၄)ထံ ဆက်သခဲ့သည် ။ ဘုရင်မှ မင်းသမီးကို ပုပ္ပားမြို့စားအရာ အပ်နှင်း၍ ကိုယ်လုပ်တော် အရာထားခဲ့သည် ။ ညောင်ရမ်းခေတ်နှောင်း အင်းဝ

နောက်ဆုံး မင်းဆက် မဟာဓမ္မရာဇာ ဓိပတိမင်းကို မဏိပူရ စော်ဘွား ဟုံ သည် အသက် ၁၂-နှစ်သာ ရှိသေးသော သမီးတော် ကသည်းမင်းသမီးကို ဆက်သခဲ့သည် ။ ဘုရင်မှ ပုပ္ပားမြို့စားအရာ အပ်နှင်းခဲ့သည် ။

သီပေါမင်း ပါတော်မူပြီးနောက် ပုပ္ပားဒေသမှ ဗိုလ်နက်ကျော်သည်လည်း အင်္ဂလိပ်တို့ အား တော်လှန် တိုက်ခိုက်သူအဖြစ် ပါဝင်ခဲ့သည် ။ ၁၉၂၀-တွင် ဂေါပကလူကြီး ဦးသာတင်ဆိုသူက ပုပ္ပားတောင်ကလပ်ပေါ်သို့ တက်ရောက်နိုင်ရန် လူသွားလမ်းကို ခုတ်ထွင် ရှင်းလင်းခဲ့သည် ။ ပုပ္ပားတောင်မကြီးသည် အမြင့်ပေ(၄၉၈၁) ရှိပြီး ပုပ္ပားတောင်ကလပ်သည် (၂၄၁၇)ပေ မြင့်သည် ။ အများ စုက ပုပ္ပားတောင်ဟု ဆိုလျှင် ပုပ္ပားတောင် ကလပ်ကိုသာ သိကြသည် ။

ပုပ္ပားတောင်၏ မီးတောင်ကတော့ဝမှာ တောင်၏ မြောက်ဘက်ပိုင်းတွင် အနောက်ဘက်သို့ အနည်းငယ် ယွန်းလျက် နိမ့်၍ တောင်ဘက်၊ အနောက်ဘက်နှင့် အရှေ့ဘက်တို့ တွင် မြင့်မားသည် ။ ပုပ္ပားတောင်ကို အနောက်ဘက်မှ ကြည့်လျှင် တောင်ထွတ်နှစ်ခု မြင်ရ၍ မြောက်ဘက်မှ ကြည့်လျှင် တောင်ထွတ် တစ်ခုသာ မြင်ရသည် ။

ပုပ္ပားတောင်သည် တောင်ထွတ် တစ်ခုတည်းသာ ရှိသည် မဟုတ်ဘဲ စပါးပုံတောင်၊ ရေတွင်းတောင်၊ မောင်းတောင် ငုတ်တိုတောင်၊ လပို့တောင်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင် စသည် ဖြင့် တောင်စွယ်များ စွာ ရှိလေသည် ။

မီးတောင် ထိပ်ဝသည် တစ်မိုင်ခွဲခန့် ကျယ်၍ ပေ ၂၀၀၀၊ ၃၀၀၀ ခန့် နက်ရှိုင်းသည့် ချောက်ကမ်းပါးကြီး ဖြစ်သည် ။ ယင်းချောက်ကြီးကို ချုံမတွင်း ချောက်ဟု ခေါ်သည် ။ မီးရှင်တောင်ကြီး အဝပေါက်ကွဲ သွားချိန်တွင် ယင်းချောက်ကြီးထဲမှ မီးခိုးမီးလျှံ ပြာပူ ချော်မြုပ်တို့

ပုပ္ပားတောင်ကြီး၏ ခပ်လှမ်းလှမ်း အထိပင် အရှိန်ပြင်းပြင်း စီးထွက်ကျရောက်ခဲ့သည် ဟု ဆိုကြသည် ။ ချောက်ကြီးထဲတွင် ရေထွက်ရှိပြီး တောဝက်များ ပင် ခိုအောင်း နေထိုင်ကြသည် ။

သဘာဝရေထွက် ၂၀၀ ကျော် ရှိသဖြင့် အညာဒေသ၏ အိုအေစစ်ဟုလည်း ခေါ်ကြသည် ။ ဆေးဖက်ဝင် အပင်မျိုးပေါင်း ၃၅၀ ခန့် ရှိပြီး သစ်ခွစသည့် ဆေးဖက်ဝင် အပင်များ မျိုးလေးဆယ်ခန့်ကို လေ့လာနိုင်သည် ။ ပုပ္ပားတွင် ငှက်မျိုးပေါင်း ၁၃၀ ကျော်ကို တွေ့မြင်နိုင်သည် ။ ထို ၁၃၀ တို့ သည် မြန်မာ ငှက်တို့ အပြင် နိုင်ငံခြား ငှက်များ လည်း အပါအဝင် ဖြစ်သည် ။ ဒေသခံငှက်မျိုး ၇၀ခန့်ရှိပြီး နိုင်ငံခြား ငှက်မျိုး ၃၀ကျော်ခန့် ရှိသည် ။

ကမ္ဘာပေါ်တွင် လိပ်ပြာမျိုးရင်း (Family) ၁၀ မျိုးရှိပြီး အမျိုးအစားမှာ ၁၇၅၀၀ ရှိသည် ။ မြန်မာနိုင်ငံတွင် မျိုးရင်း ၉ ခု၊ အမျိုးအစား ၁၀၀၄ ခု ရှိသည် ။ မြန်မာတွင် ကမ္ဘာ့ရှားပါး လိပ်ပြာ ၆ မျိုးရှိသည် ။ ယင်းတို့ မှာ

1.Apollo

2.Kaiser

4.The Common Birdwing နှစ်မျိုး

5.The Golden Birdwing နှစ်မျိုးတို့ ဖြစ်သည် ။